www.xtrapapers.com

M12/1/A1BUR/SP1/BUR/TZ0/XX

22120043

International Baccalaureate®
Baccalauréat International
Bachillerato Internacional

**BURMESE A1 – STANDARD LEVEL – PAPER 1**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A1 – NIVEL MEDIO – PRUEBA 1**

Thursday 10 May 2012 (morning)
Jeudi 10 mai 2012 (matin)
Jueves 10 de mayo de 2012 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a commentary on one passage only. It is not compulsory for you to respond directly to the guiding questions provided. However, you may use them if you wish.
- The maximum mark for this examination paper is *[25 marks]*.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez un commentaire sur un seul des passages. Le commentaire ne doit pas nécessairement répondre aux questions d'orientation fournies. Vous pouvez toutefois les utiliser si vous le désirez.
- Le nombre maximum de points pour cette épreuve d'examen est *[25 points]*.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario sobre un solo fragmento. No es obligatorio responder directamente a las preguntas que se ofrecen a modo de guía. Sin embargo, puede usarlas si lo desea.
- La puntuación máxima para esta prueba de examen es *[25 puntos]*.


© International Baccalaureate Organization 2012

www.xtrapapers.com



*အောက်ပါတို့အနက်မှ* ***တစ်ခု****ကို ဝေဖန်ပါ။*

၁။

မီးရထားဟာ ရောင်စုံပိုးနာသန်ကောင်တစ်ကောင်နဲ့ တူနေတယ်။ ဒီပိုးနားသန်ကောင်ရဲ့ အစာလမ်းကြောင်းထဲမှာ မြန်မာမလေးတွေရဲ့ မျက်ရည်တွေ စွန်းခဲ့ဖူးတယ်။ အိုင်းရစ်ကော်ဖီတွေ ဖိတ်ကျခဲ့ဖူးတယ်။ မယ့်ပါးက သနပ်ခါးတွေ ပျက်ခဲ့ဖူးတယ်။ ရိုးလက်စ်နာရီတလုံးကို မီးရထားလေထီးသမားတယောက်က ဖြုတ်ပြီး ခုန်ဆင်းသွားခဲ့ဖူးတယ်။ ကိုယ်ဝန် နေ့စေ့ လစေ့နဲ့ အမျိုးသမီးတစ်ဦး ရထားပေါ်မှာတင် ရေမြွှာပေါက်၊ ရထားပေါ်မှာတင် ရင်သွေးကို မွေးဖွားသန့်စင်ခဲ့ဖူးတယ်။ အာဟာရဓာတ် မပြည့်သူတစ်ယောက် အသက်ရှူရပ်တန့်သွားခဲ့ဖူးတယ်။

ပိုးနားသန်ကောင်ရဲ့ ရင်ခွင်ကို တချို့က ဒန်းလော့မွေ့ရာတဲ့။ တချို့က ရွှေလျားမတ်ကက်တဲ့။ တချို့လူတွေအတွက် ရွှေချောင်းတွေ သယ်ပေးတဲ့ စက်မြင်း။ တချို့လူတွေအတွက်ကတော့ ဘဝသင်ခန်းစာအသစ်တွေ ပြဋ္ဌာန်းနေတဲ့ ကျောင်းကြီးတဲ့။ တချို့က အဆင့်မြင့်ပြဇာတ်တွေကို တင်ဆက်နေတဲ့ ဘဝဇာတ်ခုံတဲ့။ တချို့က ကမ္ဘာ့အကောင်းဆုံး ဘဝသရုပ်ဖော် ဝတ္ထု ရှည်ကြီးတဲ့။ ရွှေလျားနေတဲ့ ပန်းချီဂယ်လာရီလို့ ဆိုသူလည်း ရှိရဲ့။

အကော်ဒီယံကို စိတ်နာပြီးဆက်မတီးတော့တဲ့သူတစ်ယောက်နဲ့ စီးကရက်ကို စိတ်နာပြီး စီးကရက်ဖြတ်လို က်တဲ့သူတယောက် ထိုင်ခုံတစ်ခုမှာ အတူယှဉ်ထိုင်လို့။ ကျောက်အောင်လို့ သိန်းတော်တော်များများကို တစ်ထိုင်တည်း ရလိုက်သူနဲ့ ရေတိမ်နစ်တာမှ တစ်သက်လုံးရေတိမ်နစ်တာပါဗျာဆိုတဲ့ လူနှစ်ယောက်က ကျောချင်းကပ်လျက်။ တန်ခိုးကြီးဘုရားကြီးက ဂေါပကလူကြီးတစ်ယောက်ရဲ့ တိုက်ပုံအင်္ကျီအဖြူနဲ့ သားသတ်သမားတစ်ယောက်ရဲ့ တိုက်ပုံအင်္ကျီအဖြူတို့က ရထားလှုပ်လိုက်ရင် ထိထိသွားတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကို လမ်းညွှန်ရတဲ့သူနဲ့ လမ်းနံဘေးလောင်းကစားဝိုင်းက အလံရှူးတို့က ပြတင်းပေါက်ထဲကို ငေးကြည့်နေကြတယ်။ ဆေးတက္ကသိုလ်က ခန္ဓာဗေဒ ကထိကနဲ့ ပလက်ဖောင်းပေါ်က ကြွက်နို့သတ်သမားရဲ့ လက်ထောက်လူငယ်လေးတို့ အာဆီယံနိုင်ငံတွေအကြောင်း ပြောရင်း လိုက်လာကြတယ်။ ရထားသံက ကျေးလက်ရှင်ပြုနားသအလှူမှာ တီးတဲ့ဒိုးပတ်သံလို ဆူဆူမြိုင်မြိုင် ရှိလှတယ်။

နောက်ဆုံးက ဘရိတ်တွဲထဲမှာ ဂတ်ဗိုလ်ကြီးနဲ့ အခုမှာသိကြတဲ့ မိတ်ဆွေလေးယောက် ပါလာတယ်။ ပိန်ပန်ပါးပါး နတ်ကတော် မိန်းမလျာက အဲဒီထဲမှာ အသက်အငယ်ဆုံးပဲ။ နွားဝေ့းသင်းတဲ့လူက သူ့ပုခုံးပေါ်က တဘက်နဲ့ မျက်နှာ ခဏခဏ သုတ်နေတယ်။ လမ်းဘေးမျက်လှည့်ဝိုင်းမှာ ဘင်တီးတဲ့လူက ရထားသံကို ဂီတသံတွေလို ခံစားရင်း လိုက်ပါလာတယ်။ အင်္ဂလိပ်စာ အဓိက နောက်ဆုံးနှစ်ကျောင်းသားက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ဂဠုန်ပျံဒီပနီကို နှစ်နှစ်ခြိုက်ခြိုက်ဖတ်ရင်း ခေါင်းတညိတ်ညိတ်နဲ့။ ခါတိုင်းထက် ခရီးသည်နည်းနေပေမဲ့ ဂတ်ဗိုလ်ကြီးက စိတ်မပျက်ဘူး။ ဒီအပတ်တော့ ဂူအောင်းနေတာ မကလို့ သံကွင်းပဲစုတ်နေနေကွာ ဆိုပြီး အလယ်တိုင် "သုံး" ပါတဲ့ ဆယ့်ရှစ်ဘရိတ်ကို အမိဖမ်းနေလေရဲ့။

မသွားမဖြစ်လို့ သွားရတဲ့ခရီးသည်နဲ့ မရှိမဲ့ရှိမဲ့နဲ့သွားကြရတဲ့ခရီးသည်တွေက ပိုးနားသန်ကောင်ကြီးကို နွေးလွန်းသတဲ့။ မရဖူးသေးတဲ့စည်းစိမ်ဥစ္စာတွေ တနေ့တခြား ဒီရေအလားတိုးပွားပြီး သိန်းစကား၊ သန်းစကား၊ စိန်စကား၊ ကျောက်စကား၊ ပါဂျဲရိုးစကား ပြောနေကြသူတွေကလည်း ဒီကောင်ကြီးကို နှေးသတဲ့။ အက်ဖ်အီးစီတွေ၊ ဒေါ်လာတွေ ဆပွားတိုးနေသူတွေက ကျည်ဆန်ရထားကြီးဖြစ်သွားရင် သိပ်ကောင်းမှာပဲလို့ တွေးနေတယ်။ သူတို့အဖို့ အချိန်က ငွေဖြစ်သတဲ့။ ရထားတွဲရဲ့ တန်ဖိုးကို ဈေးသင့်ပြီး တွက်ချက်ဝယ်ယူနေကြတယ်။ သူတို့ရထား ဘယ်နှစ်စင်းပိုင်နေကြပြီလဲ။

မီးရထားသိပ်စီးချင်နေတဲ့ကလေးတယောက် ရွာထဲက ပြေးထွက်လာနေတယ်။ ပါးစပ်ကလည်း သံကုန်အော်ဟစ်လို့။ ခရီးသည်အားလုံးကို လက်ဝှေ့ယမ်းပြရင်း နှုတ်ဆက်နေတယ်။ ရထားပေါ်က ပန်းရောင်စုံ၊ လိပ်ပြာရောင်စုံတွေက သူ့ကို ဂရုမစိုက်ကြဘူး။ သူက ခုန်ပေါက်အော်ဟစ်ရင်း ဆက်ပြီးတော့ နှုတ်ဆက်နေတယ်။ ရထားပေါ်က ချောကလက်တွေ၊ ဂျယ်လီတွေ၊ ချူအင်ဂမ်းတွေက သူ့ကို အသိအမှတ်မပြုကြဘူး။ သူဝမ်းနည်းစိတ်ဝင်လာတယ်။ ဒါပေမဲ့ ဆက်ပြီးတော့ အော်ဟစ် ဝှေ့ယမ်းနှုတ်ဆက်တုန်းပဲ။ ဂျင်းစကတ်တွေ၊ ပါတိတ်ရှပ်တွေက သူ့ကို မကြည့်ကြဘူး၊ ရှိတယ်လို့ မထင်ဘူး။ ဝှေ့ယမ်း နှုတ်ဆက်နေရင်းက ရထားတွဲမှာ ရေးထားတဲ့စာတမ်းကို လှမ်းဖတ်ကြည့်တယ်။ "အ" ရယ်၊ "ထ" ရယ်ပဲ ဖတ်လိုက်ရသေးတယ်။ ပိုးနားသန်ကောင်ကြီးက အမြန်ပြေးသွားပြီ။

ကလေးရဲ့သွေးတွေ ဆူလာတယ်။ ရထားစီးချင်တဲ့သူ့လို ဘဝတူကလေးတွေရဲ့ သွေးတွေအားလုံး သူ့ခန္ဓာကိုယ်ထဲ ဆောင့်တိုးဝင်းလာသလိုပဲ။ ငယ်ထိပ်ကနေ ခြေဖျားအထိ သူ့ကိုယ်တွေပူနွေးနေပြီ။ ချိုကုပ်မကို တိုက်ချသတ်သွားဖူးတဲ့ ရထားကြီးက သူ့ကို တစိမ်းပြင်ပြင် ဆက်ဆံနေတယ်။ သူ့မှာ ဝမ်းနည်းအားငယ်စိတ်တွေ ဖိစီးလာတယ်။ ဆပ်ခင်းကြီးရွာသား အားလုံးရဲ့ သွေးတွေ သူ့ကိုယ်မှာ ထပ်ဝင်လာပြန်ပြီး ရီးစိန်တုတ်ကို ထက်ပိုင်းဖြတ်တဲ့အကောင်ကြီး သေပေရော့။ သူ့မျက်လုံးထဲမှာ ချွေးတွေရော၊ မျက်ရည်တွေပါ ရောပြီး ကျိန်းစပ်နေတယ်။ ရတားကြီးက ကြည့်နေရင်း ဝေဝါးလာတယ်။ မသာ မီးရထားကြီး။

မိတ်ဆွေ . . . ရထားလမ်းနံဘေးမှာ ကလေးတစ်ယောက်ကို တွေ့ရင် ကိုယ်က အရင်ဦးအောင် ပြုံးပြနှုတ်ဆက်လိုက်ပါ မိတ်ဆွေ။

ညီပုလေး၊ ဝမ်းတွင်းသက်တံ (၂၀၀၅)

www.xtrapapers.com



– စာရေးဆရာက ရထားစီးခရီးသည်အမျိုးမျိုးအား မည်သည့်နည်းများသုံး၍ သရုပ်ဖော်ထားသနည်းနှင့် ဤနည်းတို့၏ထိရောက်ပုံကို ဝေဖန်ဆွေးနွေးပါ။

– စာရေးဆရာက ရထားစီးခရီးသည်များနှင့် ရွာထဲမှကလေးငယ်တို့ကွဲပြားပုံကို ပုံရိပ်များအသုံးပြုပြီး သရုပ်ဖော်ထားပုံကို ဆွေးနွေးပါ။

– ရွာသားကလေးငယ်၏ စိတ်အခြေအနေကို စာရေးဆရာ သရုပ်ဖော်ထားပုံကို ဆွေးနွေးပါ။

– စာရေးသူက စာဖတ်သူများ၏ စိတ်ဝင်စားမှုကို ဆွဲကိုင်ထားနိုင်ရန် မည်သည့်နည်းများနှင့် ကြိုးပမ်းထားသနည်း။

www.xtrapapers.com



၂။

## ဝိုင်ယာကြိုးတွေနဲ့ လူနှစ်ယောက်

ကျွန်တော်တို့ ဦးခေါင်းထဲမှာ
ရှုပ်ထွေးနေတဲ့ ဝိုင်ယာကြိုးတွေ
တစ်စနဲ့တစ်စ မှန်မှန်ကန်ကန် ဆက်မိရင် အကောင်းသား။
မှားပြီးဆက်မိရင်လည်း ဒုက္ခ။
ဘယ်က ဘယ်လို လုပ်ကြရပ့်မလဲ။

အချစ်ကြိုး . . . ကြာလာတော့ အပေါက်အပြဲ နည်းနည်းရှိ။
ငွေကြေးကြိုး . . . ဆက်ထုံးတွေ တော်တော်များနေပြီ။
သိက္ခာကြိုး . . . နေရာများများဆွေးနေပေ့ါ။
လူမှုရေးကြိုး . . . ပြုတ်ထွက်သွားတော့တာဆိုတော့
ဦးနှောက်တွေ ပူပူလာ။

ပွင့်ထွက်သွားမှာကို စိုးရိမ်နေပေမယ့်
မတို့ရဲ မထိရဲ မဖြုတ်ရဲ မတပ်ရဲနဲ့
ကျွန်တော်တို့မှာသာ တူတူလာရဲ့
အချိန်ကိုက်ပေါက်ကွဲတတ်တဲ့ပစ္စည်းတစ်ခုလို . . . ။

မောင်ကြည်သာ (တောင်တွင်းကြီး)၊ (၁၉၉၉)

– ကဗျာပါ “ဝိုင်ယာကြိုး” ၏ ကဏ္ဍကို ဆွေးနွေးပါ။

– ကဗျာဆရာ၏ ပုံရိပ်များ၊ အလင်္ကာ၊ ရသများ အသုံးပြုပုံနှင့် ထိရောက်ပုံကို ဝေဖန်ဆွေးနွေးပါ။

– စာဆိုက မည်သည့်နည်းတို့ဖြင့် ၎င်း၏စိတ်အခြေအနေနှင့် ခံစားချက်များကို စာဖတ်သူများသိရန် တင်ပြထားသနည်း။

– ဤကဗျာပါအကြောင်းအရာဖော်ပြရန် ကဗျာဆရာအသုံးပြုသည့် စကားများအပေါ် တုံ့ ပြန်ဆွေးနွေးပါ။